**ချမ်းမြေ့မေတ္တာအသင်း**
**တင်ဒါခေါ်ယူခြင်း**

၁။ ချမ်းမြေ့မေတ္တာအသင်းသည် ညောင်ဦး မြို့နယ်၊ ထီးပုကျေးရွာအုပ်စုရှိ ကျေးရွာ (၉) ရွာတွင် ကျေးလက်ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေကောင်းရေသန့် ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်ပါ လုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် တင်ဒါ ခေါ်ယူလိုပါသည်။

(က) ကျေးရွာပိုင် ၄"ရေတွင်းတွင် တပ်ဆင်ထားသော မြင်းကောင်ရေ ၇.၅ ကောင်အားရှိသည့် ရေစုပ်စက် အတွက် အသုံးပြုရန် နေရောင်ခြည် စွမ်းအင်သုံးစနစ်ဓါတ်အားပေးစနစ် (ဆိုလာပြားနှင့် ဆက်စပ် ပစ္စည်းများ အပါအဝင်) စနစ်တခုလုံး တပ်ဆင်ပြီး စမ်းသပ် မောင်းနှင်နိုင်သည့် အဆင့်အထိ ဆောင်ရွက်ရမည့် လုပ်ငန်း သုံးခု (လုပ်ငန်း တည်နေရာ - ဆင်လူးအိုင်ကျေးရွာ၊ ရွာလုကျေးရွာ၊ ဖြူထွားကျေးရွာ)၊ တင်ဒါအမှတ်စဉ် - ၀၀၃

(ခ) လက်ရှိတပ်ဆင်ထားသည့် ကျေးရွာတွင်း ရေပေးဝေသည့် အရှည် ပေ ၁၅၀၀ခန့်ရှိမည့် ၂" ပိုက်လိုင်းများအား တူးဖော်၊ လဲလှယ်၊ ပြုပြင်၊ တပ်ဆင်ခြင်း လုပ်ငန်း နှစ်ခု (လုပ်ငန်း တည်နေရာ - မှန်တော ကျေးရွာနှင့် ဂျမ်းလှီး ကျေးရွာ)၊ တင်ဒါအမှတ်စဉ် - ၀၀၄

(ဂ) ကျေးရွာပိုင် ၄"ရေတွင်းတွင် လက်ရှိတပ်ဆင်ထားသည့် ရေစုပ်စက်တွင် အသုံးပြုရန် ဒီဇယ်အင်ဂျင်စက် အသစ်တလုံး (2l-50, 48 HP) တပ်ဆင် ပေးခြင်းလုပ်ငန်း (လုပ်ငန်း တည်နေရာ - ဖြူထွားကျေးရွာ)၊ ကျေးရွာပိုင် ၄"ရေတွင်းတွင် လက်ရှိ တပ်ဆင် ထားသည့် မြင်းကောင်ရေ ၇.၅ ကောင်အားရှိသော ၄" ရေစုပ်စက်အား ပြင်ဆင်ခြင်း လုပ်ငန်း (လုပ်ငန်း တည်နေရာ - ဂျမ်းလှီး ကျေးရွာ)၊ ကျေးရွာပိုင် ၄"ရေတွင်းတွင် ရေမြုပ် ရေစုပ်စက် အသစ်တလုံး(7.5HP, 5.5kW) တပ်ဆင်ခြင်းလုပ်ငန်း (လုပ်ငန်းတည်နေရာ ကြို့ပင်သာကျေးရွာ)၊ တင်ဒါအမှတ်စဉ် -၀၀၅

(ဃ) ကျေးရွာပိုင် မြေသားရေကန်များ နှုံးဆည်ခြင်း၊ ကန်ချဲ့ခြင်းအတွက် မြေသား တူးဖော်ခြင်း လုပ်ငန်းများ ၅ရွာ (လုပ်ငန်းတည်နေရာနှင့် ခန့်မှန်းမြေကျင်း ပဏာမ- ဒဟက်ကန်ကျေးရွာ (၃၀၂၅ကျင်း)၊ ကြို့ပင်သာကျေးရွာ (၂၀၆၃ကျင်း)၊ ထီးပုကျေးရွာ (၂၀၂၄ ကျင်း)၊ ဂျမ်းလှီးကျေးရွာ (၁၁၈၈ကျင်း)နှင့် ကောင်းညိုကျေးရွာ(၂၄၄၄ကျင်း)၊ တင်ဒါအမှတ်စဉ် - ၀၀၆

(င) ကျေးရွာပိုင်မြေနေရာတွင် ၄"အဝီစိတွင်း (အနက်ပေ ၁၁၀၀)တူးဖော်ခြင်း လုပ်ငန်း- နှစ်ခု (လုပ်ငန်းတည်နေရာ ထီးပုကျေးရွာနှင့် မှန်တောကျေးရွာ)၊ တင်ဒါ အမှတ်စဉ် - ၀၀၇

၂။ အပိုဒ်(၁)ပါ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူများသည် တင်ဒါအမှတ်စဉ် အလိုက် လုပ်ငန်းများအားလုံးကိုဖြစ်စေ၊ တင်ဒါအမှတ်စဉ် တခုချင်း ကိုဖြစ်စေ အောက်ပါအတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ တင်ဒါလုပ်ငန်းကို တဆင့်ခံကန်ထရိုက်ပေးမည့်သူများ၊ ကိုယ်တိုင်ဆောင်ရွက်ခြင်း မပြုလုပ်နိုင်သူများ လျှောက်ထားရန် မလိုအပ်ပါ။ ချမ်းမြေ့မေတ္တာအသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ နှင့် ၎င်းတို့၏ မိသားစုဝင်များအား တဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တင်ဒါ တင်သွင်းခြင်း၊ တင်ဒါလုပ်ငန်းအား တဆင့်ခံ လုပ်ကိုင်ခြင်းများ ခွင့်မပြုပါ။

(က) တင်ဒါစည်းကမ်း၊ လုပ်ငန်းအသေးစိတ်နှင့် တင်ဒါဈေးနှုန်းတင်သွင်းလွှာပုံစံများကို တင်ဒါ ရွေးချယ်ရေးကော်မတီ၊ ချမ်းမြေ့ မေတ္တာအသင်းရုံးခွဲ၊ အမှတ် ၂၅၀၊ ရာဇသင်္ကြန် (၃)လမ်း၊ သီရိပစ္စယာ (၅) ရပ်ကွက် ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၉-၁-၂၀၂၃နေ့မှ စတင်၍ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ရယူနိုင်ပါသည်။

(ခ) တင်ဒါတင်သွင်းရန် နောက်ဆုံးရက်မှာ ၂၅-၁-၂၀၂၃နေ့ ညနေ ၅း၀၀ နာရီမတိုင်ခင် အိတ်ပိတ်ထားသည့် တင်ဒါလျှောက်လွှာများကို လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့ စနစ်ဖြင့် ပေးပို့နိုင်ပါ သည်။

တင်ဒါ ရွေးချယ်ရေးကော်မတီ၊ ချမ်းမြေ့ မေတ္တာအသင်း